# ကျော်မျိုးနိုင်

# တယ်လီပသီ



Havana...ooh na na...

Half of my heart is in Havana...ooh na na...

He took me back to East Atlanta...na na na...

အလုပ်ထဲတွင် စျာန်ဝင်နေတုန်း ဖုန်းဝင်လာ၍ အာရုံပြောင်း သွားသည် ။ ဆွဲလက်စ ဒီဇိုင်းကို ခဏရပ်ရင်း ဖုန်းကို ယူကြည့်လိုက်တော့ စိုးမြင့် နာမည်က အထင်းသား။

ဒီကောင် ဘာကိစ္စပေါ်ပြန်တာလဲ...။

"အေး... သူငယ်ချင်း ပြော..."

"သူငယ်ချင်း... မင်း အလုပ်မှာ လား..."

"အေးပေါ့ဟ... ဒီမှာ အလုပ်တန်းလန်းကြီးနဲ့ မင်းပြောစရာရှိတာ မြန်မြန်ပြော..."

"ဆောရီးပါကွာ... ငါ သိချင်စိတ် မအောင့်နိုင်တော့လို့ ... မင်းညက အိပ်မက် မက်လားမေးမလို့ ... ဟဲဟဲ"

ဒီကောင်တော့ ဘာတွေ ထကြောင်ပြန်ပြီလဲ မသိ...။

"အိပ်မက်လား... မမက်ပါဘူး... ဘာလဲ မင်းက ငါ့အိပ်မက်ကို အတိတ်ကောက်ပြီး ချဲထိုးဖို့ ကြံနေတာလား..."

"ဘယ်ကလာ... ငါ စိတ်ချင်း ဆက်သွယ်ပြီး အိပ်မက်ပေးနည်းကို စမ်းသပ်နေတာကွ... အောင်မြင်လား သိချင်လို့ ... ညက မင်းရယ် သိန်းဝ

င်းနဲ့ မျိုးအောင်ဆီကို ငါအိပ်မက် ပေးကြည့်တာ… ဟိုနှစ်ကောင်ကို ဖုန်းဆက်မေးတော့ ဆဲလိုက်ကြတာကွာ… အခု မင်းဆီကို ထပ်ဆက်တာ ဟဲ ဟဲ…"

"အေး အခု ငါဆဲအလှည့်ပဲ… ခွေးသား… သူတောင်းစား… အလုပ်ရှုပ်ရတဲ့ အထဲ ပေါက်ကရတွေ လာလုပ်နေတယ်… နောက်တစ်ခါ ဒါမျိုး ထပ်ဆက်ရင် သေပြီသာမှတ်…"

ဆဲဆိုရင်း ဆောင့်ဆောင့်အောင့်အောင့် ဖုန်းချကာ သက်ပြင်း မှုတ်ထုတ်လိုက်သည် ။ ဆွဲလက်စ ဒီဇိုင်းထဲတွင် စျာန်ဝင်နေတာလေး ဘယ်ရောက် သွားမှန်းတောင် မသိတော့။

ဩော်… စိုးမြင့်… စိုးမြင့်

သူတို့ ငယ်သူငယ်ချင်း လေးယောက်ထဲတွင် စိုးမြင့်၏ အကျင့်က တစ်မူကွဲနေသည် ။ စိုးမြင့်ဟာ စိတ်ကောင်း ရှိသည် ။ သူငယ်ချင်းများ အပေါ် အနွံတာ ခံတတ်သည် ။ သို့သော် သူ့တွင် စိတ်နယ်လွန်ပညာရပ်များ အပေါ် ဝါသနာထုံလွန်းသည့် အကျင့်ရှိနေသည် ။ စာအုပ်ဆိုင် မရောက်နှင့် ၊ စာအုပ်မဝယ်လိုက်နှင့် ၊ ဝယ်သမျှ စာအုပ်တိုင်းက စိတ်ညို့ အိပ်မွေ့ချနည်း အိပ်မက်ပေးနည်း စိတ်ချင်း ဆက်သွယ်နည်း လိပ်ပြာလွင့်နည်း အစရှိသော စာအုပ်များ ချည်းပင်။ သူ့အိမ်တွင် ထိုစာအုပ်များ စာအုပ်စင်တစ်စင်နှင့် အပြည့်ရှိနေသည် ။ အာနာပါနတွေ သမထတွေ စွဲစွဲမြဲမြဲ လုပ်သည် ။ ဝါသနာပါတာက အကြောင်းမဟုတ်။ သူဖတ်မိလေသမျှ ရူးကြောင်ကြောင် နည်းစနစ်များအား သူငယ်ချင်းတွေအပေါ် စမ်းသပ်တတ်သဖြင့် အမြဲ စိတ်ညစ်ရလေသည် ။ သိန်းဝင်းနဲ့ မျိုးအောင်ကတော့ စိုးမြင့်အား "ဓာတ်ရူး"ဟု အမည်ကင်ပွန်းတပ် မှ ည့်ခေါ်ကြလေသည် ။ ကျွန်တော်လည်း စိတ်ရှုပ်

ရပေမဲ့ သြော်... သူ့ဝါသနာပဲလေဟု တွေးပြီး သိပ်မလျှောင်ဖြစ်ပေ။ ထို့ကြောင့် ပင် စိုးမြင့်မှာ ဘာပဲလုပ်လုပ် ကျွန်တော့်ကို လာတိုင်ပင်လေ့ ရှိ၏။

"စာရွက်အဖြူ တစ်ရွက်ပေါ်မှာ သုညကနေ ကိုးအထိ ဂဏန်းတွေ ရေး... အောက်ဘက်မှာ အက္ခရာတွေရေးကွာ... ပြီးတာနဲ့ မျက်စိထဲစွဲနေအောင် အထပ်ထပ်ကြည့်... မျက်စိမှိတ် လိုက်ရင်တောင် စာရွက်ပေါ်က စာတွေက အာရုံထဲမှာ အထင်းသား ပေါ်နေရမယ်..."

လက်ဖက်ရည်ဆိုင်တွင် ရေနွေးကြမ်း တစ်ခွက်ပြီး တစ်ခွက်သောက်ရင်း စိုးမြင့်က သူတို့ သုံးယောက်ကို လက်ချာ ရိုက်နေသည် ။

"အာရုံထဲမှာ စွဲနေပြီဆိုတာနဲ့ အိပ်ရာမှာ အသာအယာလှဲ... တစ်ကိုယ်လုံးက အကြောတွေ ကြွက်သားတွေကို သက်သောင့်သက်သာ ဖြေလျှော့ထားရမယ်... ပြီးတော့ အလေးအနက် အာရုံပြုပြီး ပီပီသသ ရွတ်ဆိုရမယ်"

စကားရပ်ကာ ဓာတ်ဘူးထဲမှ လက်ဖက်ခြောက်ဖတ်များ ရောနေသည့် ရေနွေးလက်ကျန် အကပ်အသပ်များကို ခွက်ထဲသို့ အစက်ချထည့်ရင်း မော့ချလိုက်ပြန်သည် ။ ကျွန်တော်တို့ သုံးယောက်မှ PUBG တိုက်ချင်လှပြီ။ သူ့စကားကို အဖက်မလုပ်ရင် စိတ်ဆိုးပြီး ပိုက်ဆံမရှင်းပဲ ထွက်သွားမှာ စိုးသောကြောင့် သာ အောင့်အည်းပြီး နားထောင်နေရသည် ။ သူ ဒကာခံနေတာကိုး။ ကျွန်တော်တို့ ကလည်း ကျွန်တော်တို့ ပင်။ သူ ဒကာခံမည် ဆိုကတည်းက နားဒုက္ခ ဆင်ရမည်မှန်း သဘောပေါက်ကြ သော်လည်း ငတ်ကြီးကျလေတော့ ခံပေ့ါ။

"အဟမ်း... ဘယ်လိုရွတ်ရမလဲဆိုရင် (ဒီညငါအိပ်တဲ့ အချိန်မှာ အကြိမ်ရေ ဘယ်လောက်ရဲ့ ထီသိန်းတစ်သောင်းဆု ပေါက်ဂဏန်းကို

အိပ်မက် မက်ရမယ်) ဆိုပြီး ကိုယ့်ကိုယ်ကိုယ် အမိန့်ပေးနေသလို လေး လေးနက်နက် ပီပီသသနဲ့ အထပ်ထပ်အခါခါ ရွတ်ရမယ်... မျက်စိလေးပြီး အိပ်ချင်လာတဲ့ အထိ ရွတ်ဆိုနေရမယ်..."

"အဲဒီတော့ မင်း အိပ်မက်ထဲမှာ သိန်းတစ်သောင်းဆု ပေါက်မယ့်ထီ ဂဏန်း ပေါ်လာရောလား..."

သိန်းဝင်းက မေးလိုက်သည် ။

စိုးမြင့်က သက်ပြင်းချရင်း ခေါင်းခါပြ၏။

"ခါတိုင်း ရိုးရိုးအိပ်ရင်တောင် ကပေါက်တိကပေါက်ချာ အိပ်မက် လေးတွေ မက်သေးတယ်... အဲဒီလို အမိန့်ပေးပြီးလည်း အိပ်ရော မိုးတစ်လင်း သိုးနေအောင် အိပ်ပျော်သွားတာပဲကွာ... တစ်ရေးတောင် မနိုးဘူး..."

မျိုးအောင် ကော်ဖီသောက်ရင်း ခွီးခနဲ သီးသွားသည် ။ ကျွန်တော်နှင့် သိန်းဝင်းလည်း အတင်း မျက်နှာပိုးသတ်နေသည့် ကြားမှ တခွိခွိအသံများ ထွက်သွား၏။

စိုးမြင့် မျက်နှာကြီး နီရဲသွားသည် ။

"ဟော့... ငါ့ သမာဓိအား မကောင်းသေးလို့ ပါကွ... ဒါမျိုးဆိုတာ သမာဓိအားကောင်းမှ အောင်မြင်နိုင်တာမျိုး... ဒီပညာတွေကို အထင်မသေးနဲ့ ... လောကမှာ သိပ္ပံနဲ့ တိုင်းတာလို့ မရတာတွေ အများကြီးပဲကွ... "

မျိုးအောင်က ကျွန်တော့်ဘက်လှည့်ကာ မျက်စိတစ်ဖက် မှိတ်ပြသည် ။ သိန်းဝင်း၏ မျက်နှာကြီးမှာ လည်း မချိုမချဉ် ဖြစ်နေလေ၏။

***

ဒီဇိုင်းကို စိတ်ဝင်တစား ဆွဲနေတုန်း ဖုန်းဝင်လာသည် ။ သိန်းဝင်း ခေါ်ခြင်း ဖြစ်သည် ။

"အေး… ပြော သူငယ်ချင်း…"

"ဒီနေ့ညနေ အစီအစဉ်ရှိတယ်နော်… ဆုံနေကျ နေရာမှာ ပဲ…"

"အေးပါ…ငါ အလုပ်ဆင်းတာနဲ့ တန်းလာခဲ့မယ်…"

တစ်ပတ်တစ်ခါလောက်တော့ ကျွန်တော်တို့ သူငယ်ချင်းလေးယောက် သောက်ဖြစ်လေ့ ရှိသည် ။ တကယ်တော့ အသောက်သမားများမှာ ကျွန်တော်ရယ် သိန်းဝင်းနဲ့ မျိုးအောင်တို့ သုံးယောက်တည်းသာ။ စိုးမြင့်ကတော့ သူရာအရက်က သူ့သမာဓိအားကို လျော့ပါးစေသည် ဟု အစွဲရှိသဖြင့် အချိုရည်ဘူးနှင့် ထိုင်ကာ အမြည်းများကိုသာ တဖြဲ့နှဖြဲ့ ခွစားလေ့ရှိသည် ။

လေးပက်လောက် ဝင်သွားတော့ စကားတွေ သွက်လာကြသည် ။ ဟိုအကြောင်း ဒီအကြောင်း ကောင်မလေးတွေ အကြောင်း ပြောကြသည် ။ စိုးမြင့်ကတော့ ကုတ်ဘူးကိုမော့ရင်း သိန်းဝင်းကို ကွက်ကြည့်ကွက်ကြည့်လုပ်နေ၏။ ချီတုံချတုံ ဖြစ်နေသည့် ပုံစံမျိုး။

"ဟေ့ကောင်… စိုးမြင့်… ဘာပြောမလို့ လဲ… ပြောလေကွာ…"

စိုးမြင့်က သူ့အမူအရာကို လူသိသွား၍ စပ်ဖြီးဖြီး လုပ်လိုက်သည် ။

"ဟီး… ဟိုကွာ…ငါ သိန်းဝင်းကို တစ်ခုလောက် မေးချင်လို့ …"

"အေး ပြောလေကွာ… ဘာမေးမလို့ လဲ…"

"ဟို… သိန်းဝင်း မင်း ညက အိပ်မက်ထဲမှာ ငါ မင်းတို့ အိမ်ကို ရောက်လာတာများ မက်သလားလို့ …"

"ကျွတ်စ်... မင်းမလဲ ဒါပဲလား စိုးမြင့်ရာ... တခြား အကြောင်းပြော ကွာ... အဲဒါတွေ ခေါက်ထားလိုက်... မင်း ငါတို့ ကို အိပ်မက်ပေးဖို့ လည်း ကြိုးစား မနေနဲ့ တော့... လခွမ်း မင်းပုံကြီးကို အိပ်မက်မက်မှာ စိတ်ကူးကြည့်ရုံနဲ့ အစားအသောက် ပျက်လိုက်တာ... နန်းဆုဦးတို့ ခေးကြီးလုတို့ ဆိုတာမျိုး..."

"အိပ်မက်ပေးတာ မဟုတ်ပါဘူးကွာ... ငါ အိပ်မက်မက်တာ တကယ် ကြီးလိုပဲ ထင်ရှားလွန်းလို့ ပါ... ညက ငါ့အိပ်မက်ထဲမှာ ငါ လမ်းလျှောက် နေတယ်ကွ... လျှောက်ရင်း လျှောက်ရင်း အိမ်တစ်အိမ်ရှေ့ ရောက်လာ တော့ ရပ်လိုက်ရော... အသေအချာ ကြည့်လိုက်တော့ မင်း အိမ်ဖြစ်နေ တယ်ကွ သိန်းဝင်းရ... ငါ မင်းတို့ အိမ်ရှေ့မှာ ရပ်ကြည့်နေတုန်း လန့်နိုး သွားတာ... ဝိုးတိုးဝါးတား မဟုတ်ပဲ ကိုယ်တိုင် တကယ် ရောက်နေသ လိုကြီးကွာ... ခွေးဟောင်သံတွေတောင် ကြားနေရသေးတယ်..."

"ငါကတော့ ခေါင်းနဲ့ ခေါင်းအုံးထိတာနဲ့ မိုးတလင်းပဲဟေ့... အိပ်မက် မက်ဖို့ မပြောနဲ့ ... မင်း အစွဲအလမ်းတွေ နည်းနည်း လျှော့စမ်းပါ စိုးမြင့် ရာ... ဒီစိတ်နဲ့ ရူးလိမ့်မယ်... ခေတ်လူငယ် မဟုတ်တဲ့ အတိုင်းပဲ..."

"ငါ မင်းတို့ အိမ်ရှေ့ကို ရောက်လာတယ်လို့ အိပ်မက်မက်လို့ မင်းလ ည်း ငါလာတာကို မက်မလားလို့ မေးကြည့်တာပါကွာ... ထားပါတော့..."

စိုးမြင့် စကားရပ်ပြီး အချိုရည်ဘူးကိုသာ မော့နေတော့သည် ။

***

ပိတ်ရက်မို့ အိပ်ရာထဲတွင် အတိုးချပြီး နှပ်နေမိသည် ။ အလုပ် ဆင်း ရက်များ တွင် မနည်း ကြိုးစား ထနေရသော်လည်း အလုပ်ပိတ်ရက် ရောက်တော့ ဘာကြောင့် စောစောနိုးရမှန်း မစဉ်းစားတတ်ပေ။ နိုးလ ည်း မထဘူးကွာဟု ပေတေပြီး ကွေးနေလိုက်၏။

ကွေးလို့ ကောင်းတုန်း ဖုန်းဝင်လာပြန်သည် ။

"ရှစ်..."

ဖုန်းကို စမ်းယူကြည့်လိုက်တော့ မျိုးအောင် ခေါ်တာဖြစ်သည် ။

"အေး....."

ဖုန်ကိုင်ပြီး အိပ်ချင်မူးတူး အသံကြီးနှင့် ထူးလိုက်၏။

"ဟော့ကောင်... သိန်းဝင်း အိမ်ကိုအခုလာခဲ့... အမြန်လာခဲ့..."

မျိုးအောင်အသံက တုန်တုန်ယင်ယင်နှင့် ပျာယာခတ်နေသည် ။

"ဘာဖြစ်လို့ လဲကွာ... အိပ်ရေးတောင် မဝသေးဘူး... သိန်းဝင်းညီမလေးက ငါ့ကို တွေ့ချင်လို့ တဲ့ လား..."

"သိန်းဝင်း... သိန်းဝင်း ဆုံးသွားပြီ ဟော့ကောင်..."

***